တယောက် ဖြစ်လာမှာပါ။ ဘယ်အရာမှ မသင်ယူ၊ မလေ့လာ၊ မလုပ်ဆောင်ဘဲ၊ တိုးတက် အောင်မြင်ဖို့ဆိုတာ ဖြစ်လာမှာ မဟုတ်ပါဘူး။

- ကျမတို့ရဲ့ ခရစ်ယာန် အသက်တာလဲ ထိုနည်းၡင်းပါဘဲ။ မိရိုးဖလာ ခရစ်ယာန်ဖြစ်ရုံနဲ့ စံချိန်မီ တဲ့ ခရစ်ယာန် ဖြစ်လာမှာ မဟုတ်ပါဘူး။ စံချိန်မီ တဲ့ ခရစ်ယာန်တယောက် ဖြစ် လာဖို့အတွက် ကျမတို့ အဓိက သမ္မာကျမ်းစာ နေ့စဉ် ဖတ်ရှုလေ့လာမယ်။ နှုတ်ကပတ် တော်ရဲ့ သွန်သင် လမ်းပြမှုအတိုင်း လိုက်လျှောက် အသက်ရှင်မယ်၊ မိမိရဲ့ နှလုံးသားမှာ စစ်မှန်တဲ့ဘုရားကို နေရာပေးမယ်၊ မိမိရဲ့ အသက်တာ တခုလုံးကို ဘုရား လက်ကို ဆက်ကပ်အပ်နှံမယ်။ ခရစ်တော်ရဲ့ ပုံသက်သေကောင်းနှင့် အညီ လိုက်လျှောက် အသက်ရှင်မယ်ဆိုရင် - ကျမတို့ရဲ့ အသက်တာဟာ၊ စစ်မှန်တဲ့ စံချိန်မီ ခရစ်ယာန်တဦး ဖြစ်လာမှာပါ မိတ်ဆွေ။ သင်နှင့်ကျွန်ုပ် စံချိန်မီ ေ သာ ခရစ်ယာန် အသက်တာကို ပိုင်ဆိုင်ပြီးပြီလား။ အချိန် မနှောင်းခင် သင်နှင့်ကျွန်ုပ် စားတတ်ရုံ၊ ချက်တတ်ရုံ၊ ဖတ်တတ်ရုံ၊ တီထွင်နိုင်ရုံ၊ အောင်မြင်မှု တခုရရှိရုံနဲ့ ပြီးမလား။ ဖတ်ရှုပါ၊ လေ့လာပါ၊ သင်ယူပါ၊ လိုက်လျှောက်ပါ၊ နှလုံးသွင်းပါ၊ လက်ခံပါ၊ နေရာပေးပါ၊ အချိန် တန်လျှင် သင်နှင့်ကျွန်ုပ် ေ ကာင်းကင်ဘုံမှာ စာရင်းဝင်ပြီး စံချိန်မီ ခရစ်ယာန် အသက်တာ ကို ခံယူကြပါစို့၊ ချစ်မိတ်ဆွေ။ ။လေးစားစွာဖြင့် - ဖွန်ပန်း

---

## ကောင်းမြတ်ခြင်းတို့ရဲ့အရှင်

Samuel Soe Lwin

ကောင်းမြတ်ခြင်းတို့ရဲ့အရှင်



ကောင်းခြင်း ဆိုးခြင်း ဆိုတဲ့ စကားမှာ လူတိုင်း လူတိုင်းက ကောင်း ခြင်း တရား ကိုသာ ရရှိ ပိုင်ဆိုင် လိုကြ ပါတယ်။ နောက်ပြီး ရလိုခြင်း ဆိုတဲ့ အတ္တ ဇော၊ လောဘဇောတွေဖြင့် ကောင်း တာ ကိုသာ ရရှိရေးကို ဖြတ်လမ်းနည်းတွေ ရှာကြံ ကြရာမှာ အချောင် ရလိုသူ တွေကြောင့် အချောင်ရိုက်စား သူတွေလည်း ပေါ်ထွက် လာကြပြီး အကောင်းသို့ မရောက် မကောင်းခြင်း၌သာ နစ်မွန်းနေကြပါတော့တယ်။ လူထဲက လူပေမို့ စာရေးသူ ကိုယ်တိုင် ၌ကလည်း ကောင်းခြင်းကိုသာ လိုချင် ခဲ့ပါတယ်။ ဒါပေမဲ့ မသမာတဲ့ နည်းနဲ့တော့ မရယူလိုခဲ့ပါဘူး။ ဆိုလိုတာက ကိုယ့် အတွက် ကောင်းခြင်းဖြစ်ရန် ယူလိုက်ပြီး နောက် ထိုအကျိုးဆက်ကြောင့် အခြားသူ ဆိုးခြင်း ရောက်နေတာ တွေ့ရလျှင်ကား အဘယ်မှာ စိတ်၏ ကောင်းစားခြင်းကို ရနိုင်တော့ ပါမလဲ။

စာရေးသူ မယုံကြည်သူ ဘဝတုန်းက ဘယ်လောက် အကောင်း ကြိုက် သလဲ ဆိုရင်တော့ အစစ အရာရာမှာ အခြေအနေတွေ ဘယ်လိုပင် ကောင်းဦးတော့ နေ့သင့် နံသင့်လေး ရှိ မရှိ။ ရွေးခဲ့ရတာက ပုံမှန် ဓလေ့တစ်ခုပါပဲ။ ထိုအထဲက ဥပမာ ဆိုရပါလျှင် "ကြင်ယာမုန်းဟန်" လက်သည်းလှီး ရှောင်ရန် "တော" လက်မှာ ဖြတ်လေပါ ဆိုတဲ့ အတိုင်း တနင်္လာ၊ ကြာသာပတေး၊ သောကြာ တွေမှာ လက်သည်းပင် မညှပ် ခဲ့ပါဘူး။ ဒီလောက် သေးသေး မွှားမွှားလေးက အစ အရှောင် အရှား ရှိခဲ့ခြင်းက ကောင်းခြင်း ဆိုတဲ့ မင်္ဂလာကို ရယူ ပိုင်ဆိုင်ချင်ခဲ့လို့ပါပဲ။

(၁) စိုက်ပျိုးခြင်းနိယာမ

လောကမှာ မျိုးစေ့ မှန်မှ အပင်သန်မယ်လို့ ဆိုစကားလည်း ရှိထားသည်နှင့် အညီ စာရေးသူ အကောင်းဆုံးဆိုတဲ့ ရွေးချယ် ဆုံးဖြတ်ချက်တွေနှင့် တမလွန် အရေး အတွက် ရိက္ခာတွေကို ပြင်ဆင် စုဆောင်းပါတယ်။ သို့သော် ပေးကား ပေး၏ မရ၊ ကျွေးသာ ကျွေး၏ မဝ ဆိုတဲ့ စကားအတိုင်း မရေရာ မသေချာမှုတွေနှင့်သာ ကျီးလန့် စာ စား၊ နေထိုင်ခဲ့ပြီး နှစ်တွေ ကြာလာပေမဲ့ ရိက္ခာ အထုပ်က ဟာနေမြဲပါ။ တစ်ကြိမ်မှာ လိုရာ ခရီး မပေါက်သော်လည်း အကြိမ်ရေ များလာပြီး နှစ်တွေကြာ လွဲချော် နေရင်တော့ စိတ်ခိုင်ခန့်ပါတယ် ဆိုတဲ့ သူပင် အကြံအိုက် ကြမှာပါ။ နောက်ဆုံး မထူးဇာတ်ခင်းတဲ့ စကားအတိုင်း စာရေးသူလည်း မထူးဇာတ် ခင်းခဲ့ပါတယ်။ နေထွက်မှ နေဝင် အားလုံး ကျိုးစားသမျှတွေက ကုသိုလ်တပဲ ငရဲ တပိသာ ဆိုတဲ့ စကားလေးက နားဝင်ချို ကြားကောင်း ပေမဲ့ တမလွန်အတွက် တကယ် လွတ်မြောက်လိုသူများ အဖို့က တွေးမိတိုင်း ရင်လေး ရပါတယ်။ ဘာကြောင့်လည်း ဆိုတဲ့ အတွေးမျိုးစုံဖြင့် ဆန်းစစ်ချိန် သမ္မာတရားကတော့ ဘုရား မပါတဲ့ အသက်တာဟာ ဝ မရှိပဲ ဝိ လုပ်တဲ့ သူလို ဟာ နေတာ ဘာများ ထူးဆန်းနေလို့လည်း။ အိတ်ပေါက်မှာ ဖားသေအောင် ကောက်ထည့် ပေမဲ့ မပြည့်နိုင်တာ သေချာသလို၊ ဘုရားမဲ့ နေတဲ့ သူတစ်ဦးရဲ့ ကုသိုလ် ကောင်းမှုဆိုတာလည်း ထိုနည်းၡင်းပါပဲ။ ယုံကြည်သူ ဖြစ်သည့်အတိုင်း သမ္မာကျမ်း စကားဖြင့် သုံးရပါက "လေ မျိုးစေ့ကို ကြဲပြီး လေဘွေ စပါးကို ရိတ် ရကြလိမ့်မည်။ ဟောရှေ ၈း၇" မှာ ဆိုတဲ့အတိုင်း စာရေးသူရဲ့ ကုသိုလ်ကောင်းမှုက သဲထဲ ရေသွန် ဖြစ်နေခဲ့ရတာက ဘုရားကို မဖက်။ လူကို တီထွင်ထားတဲ့ လေနှင့်တူတဲ့ ဩဝါဒအတိုင်း စိုက်ပျိုးနေခဲ့တဲ့အတိုင်း နိယာမ သဘောအတိုင်း အာမခံချက် မရှိဘဲ လေဘွေ ကိုသာ ရိတ်သိမ်း နေခဲ့ခြင်းပါပဲ။

(၂) ဘုရားရှာ တရားမှာတွေ့။

ယနေ့ ဘာသာတရားတွေ မြောက်မြားစွာ ရှိပါတယ်။ သတ်ပါ ဖြတ်ပါ၊ လောဘ ဒေါသ တွေအားကြီးကြပါလို့ ... ဘုရားယုံတဲ့ တရားတိုင်းဟာ မသွန်သင်ထားပါဘူး။ တရား၌ သာလျှင် ဘုရားကို ဖူးတွေ့ရန် လမ်းစဖို့ လေ့လာဆည်းပူးတော့ ဘုရား ဆိုတာ တဆူတည်းပါ ဆိုတာ ငယ်စဉ်ကပင် နားရည် ဝ ခဲ့တယ်။ အင်္ဂလိပ်လို ပြောရရင် "There is only One God" နောက်ပြီး မြန်မာ ပါဠိစကားဖြင့် ပြောပါက "ဧကောဗုဒ္ဓေါ" ပေါ့ဗျာ။ ချင်း လိုတော့ "Pathain Pakhat Lawng a Um" ပေါ့။ နောက်ပြီး အားလုံးရဲ့ တူညီချက်တွေက ဘုရား ဆိုတာ အားကိုး အားထား ပြုရာ ဖြစ်ခြင်း ပါပဲ။ ဘုရားမှတပါး အားကိုးရာ မရှိ ဆိုတဲ့ စကားအတိုင်း။ လေ့လာ ဆည်းပူးရင်း ဘုရားရှာ တရားမှာတွေ့ ဆိုသည့်အတိုင်း ဘုရားဖူး တွေ့ရန် အရေးအခက် တွေ့ရတာက တရား ပြဿနာပါပဲ။

တရားဟာ စိတ်နှင့်သာ တူတယ်လို့ ဆိုကြ ဟောကြတာ အားလုံး အသိပါပဲ။ တရား သိရေးကို ဦးစားပေးပြီး ဘုရား ရှာခဲ့တာ နောက်ဆုံးရလဒ်က "တရားနာလေ တရား သိလေ။ တရား သိလေ အပြစ် ပိုကြီးကြောင်း သိလေလေ" ဆိုတဲ့ စကား အတိုင်း တရားသဘောအရ (လူတွေအပေါ်ယံ အမြင်ကို မဆိုလိုပါ) စာရေးသူ အတွက် ဝေစု ခွဲတမ်း ကတော့ ရေးရေးမှ မမြင်ရတဲ့ လွတ်လမ်းနှင့် ရှင်းလင်းစွာ မြင်နေ ရတဲ့အဖြစ်က "အပြစ်တရားရဲ့ အခ က သေခြင်းပေတည်း" (ရောမ ၆း ၂၃) ဆိုတဲ့ အရာပါပဲ။ ထုံး မပါတဲ့ ကွမ်း ဟာ အရသာ ကင်းပြီး အနှစ် ကင်းမဲ့တဲ့အကြောင်း လူကြီး သူမတွေ ပြောခဲ့ဖူးကြသလို အားကိုး အားထားရာ မရှိတဲ့ တရားရဲ့ လမ်းညွှန်မှုတွေကလည်း စမ်းတဝါးဝါးနှင့် အလွန် မောခဲ့ရပါတယ်။ ဆားနှင့် ဟင်းက ကင်းလွတ်၍ မရသလို ထုံးနှင့် ကွမ်းလည်း အရေးကြီး ပါတယ်။ ထိုအရာတွေ အားလုံးထက် "ဘုရားနှင့် တရား" ဟာ မတွဲမိခြင်းက သာပြီး အရေးကြီးပါတယ်။ ဆားမဲ့တဲ့ ဟင်းကို စားလို့ ရသလို ထုံးမဲ့တဲ့ ကွမ်းကို မစားလို့လည်း လူတွေ အတွက် ဘာမျှ မထိခိုက်သွားပါဘူး။ သို့သော် "ဘုရားမဲ့တဲ့ ဘဝမှာ တရားဖြင့်သာ လုံးချာလည် နေကာ ယခုနောင်ဘဝ နှစ်ခုလုံးအတွက် မတင့်တယ်လှပါဘူး"

(၃) သမ္မာတရားနှင့် သမ္မာဘုရား။

သမ္မာ ဆိုတာကတော့ ဖောက်ပြန်ခြင်း ကင်းသောလို့ ဆိုပါတယ်။ ကာလဒေသနှင့် ညှိယူစရာ မဟုတ်ဘဲ။ ကာလဒေသ ကသာ ထိုတရားအတိုင်း ညှိယူကြမှာပါ။ ဥပမာ - ခေါင်းညိတ်ခြင်းက ဟုတ်ကဲ့ ဆိုတဲ့ အဓိပ္ပါယ်ကို မြန်မာပြည်၌ အသုံးပြုပေမဲ့။ အိန္ဒိယ မှာတော့ ခေါင်း ခါယမ်းခြင်း ကသာ ဟုတ်ကဲ့ ဆိုတဲ့ သဘောသက်ရောက် ပါတယ်။ ဒါဟာ အမှန်တရားအဖြစ် သက်သက်သာ ရှိပါတယ်။ ဘုရား ဆိုတာ "အနန္တတန်ခိုးရှင် ဖြစ်တော်မူ၏" ဆိုတာက နေရာတိုင်း လူမျိုးတိုင်းမှာ လက်ခံယုံကြည် ထားကြရုံသာမက မှန်ကန်ပြီး တည်မြဲနေခြင်းက ဖောက်ပြန်ခြင်း ကင်းသောသမ္မာတရား သို့မဟုတ် ဘုရားရဲ့သမ္မာ စကားလို့ ဆိုပါတယ်။

ဘုရားနှင့် သမ္မာတရားဟာ ခွဲလို့ မရပါဘူး။ သမ္မာတရား တော် မဟုတ်ခြင်းက သမ္မာဘုရားရဲ့ စကားတော် မဟုတ်ဘူးဆိုတာ ထင်ရှား စေပါတယ်။ နှုတ်ကပတ် တော်မှာ ပေးထားတဲ့ ကတိစကားကို ကြားနာရစဉ်အခိုက် စိတ်ချမှုပေးတဲ့ စကားကတော့ "မိုးရေ မိုးပွင့်တို့သည် မြေကို စိုစေသဖြင့် အပင်ပေါက်ပြီး အသီး သီးစေသကဲ့သို့" ငါ၏ နှုတ်ကပတ် စကားသည် ဖြစ်လိမ့်မည်။ အကျိုးမရှိဘဲ ငါ့ထံသို့ မပြန်ရ" (ဟေရှာ ၅၅း ၁၀-၁၁) ဆိုတဲ့ ရဲရင့် ပြတ်သားတဲ့ သမ္မာ တရားတော်ပါပဲ။ တဖန် "သင်တို့သည် ကျေးဇူး မရှိပဲ။ ငါ့ကို ရှာကြလော့ဟု ယာကုပ် အမျိုးအား ငါမပြော၊ ငါသည် ဖြောင့်မတ်စွာ ပြောလျက် အတိအလင်း ဟောတတ်သော ထာဝရဘုရား ဖြစ်၏။" (ဟေရှာ ၄၅း ၁၉) ဆိုတဲ့ စကားတွေက ကယ်တင်ခြင်း တရားကို ရှင်းလင်းစွာ သိမြင် လာပြီးနောက် အနှစ်နှစ် အလလက ဝန်ထုပ်တွေကို ပေါ့လွှင့်သွားစေ ခဲ့ပါတယ်။ " ဝန်လေး၍ ပင်ပန်းသောသူ အပေါင်းတို့ ငါ့ထံသို့ လာကြလော့ ငါသည် ချမ်းသာပေးမည်" ဆိုတဲ့(မဿဲ ၁၁း ၂၈) ကတိတော်အတိုင်း ခရစ်တော်ဘုရားကို ယုံကြည်လက်ခံ ကိုးကွယ်လိုက်ရခြင်းက ဘဝမှာ ဘာနှင့်မှ မလဲနိုင်တဲ့ သုခချမ်းသာ အစစ်ပါပဲ။

(၄) ကိုးကွယ်၍ ချမ်းသာရာ။

ကိုးစားခြင်း ဆိုတာ ကိုယ့်အစွမ်းအစ မဲ့နေလို့ပါပဲ။ ကိုးစား လိုက်ပြီး ဆိုကတည်းက ထို ကိုးစားလိုက်သူ ထံမှ ဖေးမကူညီမှုကို ခံစားလိုတာ သဘာဝ ပါပဲ။



သခင့်စကား ဓိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၄ ဖေဖော်ဝါရီလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၈၃၀ ထုတ်ဝေသည်။

စာရေးသူ ယေရှုခရစ်တော်ကို ကိုးကွယ်ခြင်းက အသက် သခင် ကယ်တင်ရှင် ဖြစ်တာ တစ်ကြောင်း။ ကိုးစားထိုက်လို့ ကိုးကွယ်ခြင်းက တဖုံ ပါပဲ။ ကိုးစား ဖို့ပါပဲ။ ခိုင်းစားဖို့ မဟုတ်ခဲ့ပါဘူး။ သို့သော် နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ရှေ့ဦးစွာ ရှာကြလော့။ နောက်မှ ထိုအရာများကို ထပ်၍ ပေးတော်မူမည်။(မသဲ ၆း ၃၃)" ဆိုတဲ့ ကတိအတိုင်း ကောင်းမြတ်တဲ့ ဘုရားက ကောင်းမြတ်ခြင်းတွေဖြင့် စာရေးသူ ဘဝကို ကွယ်ကာ ပေးခဲ့ပါတယ်။

ယခုတော့ အိတ်လည်း မပေါက်တော့တဲ့ ဘဝ မှာပါ။ ကောက်ခြင်းက လည်း သဲထဲ ရေသွန် မဖြစ်တော့ပါဘူး။ ရရှိထားတဲ့ ဖါးတွေကို အိတ်ထဲမှ အသင့် လိုနေသူတွေကို ကျွေးမွေးခြင်း အခွင့် ရခဲ့ပါပြီး. နောက်ပြီး ကောင်းခြင်းကိုသာ လိုချင်ခဲ့တဲ့ ဘဝမှာ ကောလိပ်ဂျင်နေဝင်း သုံးတဲ့ စကားလိုပါပဲ "ငါလို ယောကျ်ား ပြဿဒါး မရှိ" အားလုံးက ရက်ရာဇာတွေဖြင့် ဘဝကို ရှင်သန်ခွင့် ရခဲ့ပြီး ဒါတွေ အားလုံး ခရစ်တော်ဘုရားရဲ့ ကိုယ်စား ကောင်းမှုပြုခဲ့ခြင်းကြောင့် ပါပဲ။ ခရစ်တော် ကြောင့် သာလျှင် ခရီး သွားလာရေး သာရေး နာရေးမှ အစ အားလုံးကို ဘေးမသီ ရန်မခ။ ပိုင်ဆိုင်ထားရတဲ့ ကတိတော် ရက်ရာဇာ နေ့ကောင်း နေ့မြတ်ကို ထပ်ဆင့် ဝေမျှပါရစေ။ ဤနေ့ရက်သည် ထာဝရဘုရား စီရင်တော် မူသော နေ့ရက် ဖြစ်ပြီး၊ ယနေ့ ရွှင်လန်း ဝမ်းမြောက်ကြကုန်အံ့။ (ဆာလံ ၁၁၈း ၂၄)" ဆိုတဲ့ မပြောင်း မလဲတဲ့ သမ္မာတရား စကားတော်က လိမ်လည်ခြင်း မှသာကင်းလွတ်တဲ့ ဘုရားရှင်ထံမှ ဖြစ်ကြောင်း သမ္မာကျမ်းစာမှာ ဖော်ပြထားရုံမက စာရေးသူ ကိုယ်တွေ့ ဖြစ်ပါကြောင်း ဝေမျှရင်း...... အယောက်စီတိုင်း နေ့ကောင်း ရက်မြတ်တွေ စီရင် ပေးတော် မူတဲ့ ဘုရားရှင် ထံမှ ကြွယ်ဝသော ကောင်းကြီးမင်္ဂလာ သက်ရောက်ပါစေသော်။ ။


နာမတော်မြတ်၌ - Samuel Soe Lwin ။

------------------------------------------

## စိတ်ဓါတ်မကျဘုရားကိုသာအားကိုးပါ-၂

### စိတ်ဓာတ်မကျဘုရားကိုသာအားကိုးပါ(၂) ညောညော (ရန်ကုန်မြောက်ပိုင်း)

ကျွန်တော့်၏ ဘဝအကြောင်းကို သက်သေခံရမည်ဆိုလျှင် ကျွန်တော် လေးတန်း အရွယ်က စပြောရရင် လေးတန်းနှစ်မှာ ကျွန်တော် ၂နှစ် ဖြေရပါတယ်။ ဖြေရတဲ့ အကြောင်းအရင်းက ပထမနှစ် စာမေးပွဲ ဖြေခါနီးမှာ အဆော့ လွန်ပြီး အပင် ပေါ်က ပြုတ်ကျလို့ ဆေးနား နားခဲ့ရပါတယ်။ ဒါပေမဲ့ ဘုရားရှင် ကာကွယ်မှုကြောင့် သေဘေးမှ လွတ်မြောက်ခဲ့ရပါတယ်။



နောက်ပိုင်းကတော့ ကျွန်တော် ဆယ်တန်း ဖြေတော့မည့် နေ့မှာ ဘဝ ပြဿနာနှင့် ရင်ဆိုင်ရပြီး အမည်းစက် ထင်ကျန်ခဲ့ပါတယ်။ ဒါက ရိုးအမှု။ လူတိုင်းကို ယုံကြည်မှုတွေကြောင့် ဖြစ်ခဲ့ရတာပါ။ ပညာတတ် ဖြစ်စေ ချင်သော စိတ်ကြောင့် အိမ်မှ ကျောင်းက လွဲလို့ ဘယ်မှ မသွားတတ် မလာတတ် ဖြစ်ခဲ့ရပါတယ်။ ခေါင်းထဲမှာလည်း ကျောင်းစာက လွဲလို့ ဘာမှ အာရုံ မရှိခဲ့ပါဘူး။ ဖြစ်ချင်တော့ ၁၀တန်းဖြေပြီး နောက်ပိုင်း ၁၅.၇.၉၈ မှာ သူငယ်ချင်း တစ်ယောက်၏ အစ်ကိုက ကျွန်တော့် သူငယ်ချင်း နေမကောင်းကြောင်း ယခု ဆေးရုံ တက်နေတယ် လို့ လာပြောပါတယ်။ လိုက်ကြည့် ပါလားလို့ ပြောပါတယ်။ ကျွန်တော်လည်း မတွေ့ တာ ကြာပြီး ဖြစ်တဲ့အတွက်ကြောင့် သူငယ်ချင်း အစ်ကို ဆိုပြီး ယုံကြည်ပြီး လိုက်သွား ပါတယ်။ သူငယ်ချင်းအစ်ကိုသာ ပြောတယ် ဒီလူ့ အကြောင်းကို ကျွန် တော် ဘာမျှ မသိပါဘူး။ တစ်ဖက်သားကို ယုံကြည်မှုကြောင့် ဒုက္ခ ရောက်သွား ပါတယ်။ အမှန် အတိုင်း ပြောရရင် ယုံမှာ မဟုတ်ပါဘူး။ မယ်ဝါဝီ ဆေးရုံနှင့် ကျွန်တော် နေတဲ့ ရပ် ကွက်က ကား လေးမှတ်တိုင်ဘဲ စီးရတယ်။ ဒါပေမဲ့ ကျွန်တော် မစီးတတ်ဘူး။ ကား စီးရင် မူးတတ်တဲ့ အကျင့်ကြောင့် ဘယ်မှ မသွားတတ် မလာတတ် ဖြစ်သွား တယ်။ ဒါ တွေကြောင့် ဒီလူ၏ လက်ခုပ်ထဲက ရေ ဘဝ ဖြစ်သွားခဲ့တယ်။ မိသားစု၏ အရှက်ကြီးမှု မျက်နှာ မပျက်စေတဲ့ အရာတွေကြောင့် ဒီလူနှင့် မင်္ဂလာဆောင်ဖို့ လက်ခံ လိုက် ရပါတယ်။ အမေကလည်း ကျွန်တော့် ဝိညာဉ် မဆုံးရှုံး ဖို့ရန်အတွက် ခရစ်ယာန် လို မင်္ဂလာဆောင်ဖို့ ပြောလိုက်ပါတယ်။ ဒီလူကလည်း လက်ခံခဲ့ပါတယ်။ အဲ့ဒီ အချိန်မှာ အမေလည်း သူ့အမှား မကင်းဘူး ဆိုပြီး ယခုထက်ထိ စိတ်မကောင်း ဖြစ်ခဲ့ပါ တယ်။ ဒီလူနှင့် ပေါင်းသင်းတဲ့ စပ်ကြားမှာ ဒီလူ၏ နှိပ်စက်မှုတွေကို ခံခဲ့ရပါတယ်။ ဒီလူမှာ သူ့အိမ်ရောက်မှ မိန်းမ ရှိကြောင်း သိရပါတယ်။ ဒီလူက သူ့အလိုဘဲ သိတယ် သူတစ်ပါးကို မငဲ့ကွက်ဘူး။ ကျွန်တော်လည်း လူသာ အသေခံမယ် နင်ဖြစ်ချင်တဲ့ မိသားစု ဘဝတော့ မဖြစ်စေရဘူးလို့ ဆုံးဖြတ်ထားပါတယ်။ ဒီလူဟာ အရက် နေ့တိုင်း သောက်ပြီး ပြန်လာတိုင်း နှိပ်စက်ပါတယ်။ ဘယ်လောက်လည်း ဆိုရင် ဘာ အလုပ်မျှ မလုပ်ဘူး။ ကျွန်တော့်မှာ ဈေးထွက် ရောင်းရတယ်။ ပြန်လာတော့ ဘာမှ မစားရဘူး။ တစ်နေကုန် ပင်ပန်း။ လူကိုလည်း ကိုယ်ထိလက်ရောက် နှိပ်စက်တာ များလာပြီး ကြာ လာတော့ အစာ အဟာရ မရှိတဲ့ ဒဏ်တွေကြောင့် ကျွန်တော့်မှာ လေဖြတ် မလိုဖြစ် သွားရတယ်။ ဘုရား ရှင်၏ ကျေးဇူးတော်ကြောင့် အသက် မပျောက်ခဲ့ပါဘူး။ ဒီဒဏ် တွေကို မခံနိုင်သောကြောင့် အမေ့ကို ပြောပြပါတယ်။ အမေက တို့ခရစ်ယာန်တွေကို အိမ်ထောင်ကို မပျက်သင့်ဘူး။ သမီး ဘဝမှာ ဆိုးတဲ့ အမည်းစက် မထင်ဖို့ ပြောပြီး သည်းခံပါလို့ ပြောပါတယ်။ ဒါနဲ့ ဆက်သည်းခံခဲ့ပါတယ်။ နှိပ်စက်မြဲ နှိပ်စက်ပါတယ်။ ကျွန်တော်လည်း အရမ်းကြောက် အရမ်းနာကျင်မှုတွေကြောင့် အိမ်ကို ညတွင်းချင်း ပြန်ပြေးခဲ့ပါတယ်။ အဲ့ဒီမှာ ဒီလူဟာ ကျွန်တော့် နောက်ကနေ ဓားကိုင်ပြီး လိုက်လာပါတယ်။ ကျွန်တော်လည်း အမေ့ရင်ခွင်ထဲ ဝင်ပြီး မပေါင်းလိုကြောင်း တစ်ခုလပ် ဖြစ်ချင်လည်းဖြစ် နှိပ်စက်မှု မဖြစ်လိုကြောင်း အမေ့ကို ပြောပြလိုက်ပါတယ်။ အမေလည်း သူကိုယ်တိုင် ဓားကို တွေ့တော့ ဒီလူကို ပြောလိုက်ပါတယ်။ နင် သတ်ချင်ရင်လည်း ငါ့သမီးကို ငါ့ရှေ့မှာ သတ်လိုက်။ ဒါမှလည်း ငါ့သမီး သေတာကို ငါ ကိုယ်တိုင် မြင်ရမယ်။ သူလည်း နင်နှိပ်စက်မှု ဒဏ်မှ ကင်းလွတ်မယ်လို့ ပြောလိုက်ပါ တယ်။ ဒါနဲ့ ဒီလူဟာ သူ့အိမ်ကို ပြန်သွားခဲ့ပါတယ်။ ကျွန်တော်လည်း ကျွန်တော့် အမေနှင့်အတူ နေထိုင်ခဲ့ပါတယ်။ ကျွန်တော် ဒီလူ၏ နှိပ်စက်မှု ဒဏ်မှ ကင်းလွတ် ခဲ့တဲ့ အတွက် ဘုရားရှင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းခဲ့ပါတယ်။ ဒီလိုနဲ့ ၉.၁၁.၉၈ နေ့မှာဘဲ သူနဲ့ လမ်းခွဲ လိုက်ပါတယ်။ ဒီလူက မကျေနပ်ဘဲ ကျွန်တော် အပြင်ထွက်ရင် လိုက်နောက်ယှက် ပါတယ်။ အခုမှ မင်းကို တစ်ကယ်ချစ်လာတဲ့အကြောင်း ပြောပါတယ်။ ကျွန်တော်လည်း ကြောက်လို့ ဒီလူ့ ရန်က ကင်းအောင် ဆိုပြီး အစ်မအိမ်မှာ သွားနေခဲ့ပါတယ်။ အစ်မ အိမ်မှာ နေရင်း ဒီလူက ကျွန်တော် နေတဲ့ ရွာအထိ လိုက်ရှာကြောင်း သတင်း ရပါတယ်။ ကျွန်တော်လည်း ဆုတောင်းပါတယ်။ ပြန်လို့ရှိရင် ဒီလိုမျိုး မနောက် ယှက်ဖို့ ဘုရားရှင် ထံမှာ ဆုတောင်းခဲ့ပါတယ်။ ဘုရားရှင်က ကျွန်တော့် ဆုတောင်းသံကို နားညောင်းခဲ့ပါတယ်။ အဲ့ဒီက စလို့ ယောကျ်ားတွေကို မယုံရဲဘဲ အကြောက်ကြီး ကြောက်သွားခဲ့ပါတယ်။ အစ်မ အိမ်မှာနေပြီး အိမ်ကိုပြန်လာတော့ အထက်လှန် အောက်ရှောဖြစ်ပြီး အားပြတ်ပြီး သေလုမျောပါးခံစားရပါတယ်။ ဆရာဝန်တွေတောင် လက်လျှော့သွားတဲ့အချိန်တွေအထိ ရောဂါ ခံစားရခဲ့ပါတယ်။ နောက်ဆုံး ဝမ်းပျက်တဲ့ ဒဏ်ကြောင့် အင်အားပြတ်ပြီး မေ့မျောသွားခဲ့ပါတယ်။ ဘုရားရှင်၏ ကျေးဇူး တော်ကြောင့် အသက်ရှင်ခွင့် ရခဲ့ပါတယ်။ အမေကတော့ သူ့ ဆုတောင်းသံကို ပြောပြတယ်။ ကိုယ်တော် ကျွန်မ သမီးကို အသက်ရှင်ခွင့်နှင့် အသုံးတော်ခံအုံးမယ် ဆိုပါက ပြန်လည်ပြီး အသက် ချမ်းသာခွင့် ပေးပါဆိုတဲ့အကြောင်းကို မျက်ရည်ကျ ဆုတောင်း ခဲ့မှုကြောင့် ဘုရားရှင် နားညောင်းတော်မူပြီး ပြန်လည် သတိရပြီး ရေကို တောင့်တပြီး အစာဝင်ပြီး ကျန်းမာခဲ့ပါတယ်။ ကျန်းမာလာတော့ ၉.၈.၂၀၀၀ မှာ မြန်မာပြည်က တရုတ်ပိုင် ကုမ္ပဏီတစ်ခုမှာ သန့်ရှင်းရေး နေရာမှာ လူလို တယ်ဆိုပြီး ဝင်ရောက် အလုပ် လုပ်ကိုင် ခဲ့ပါသည်။ အဲ့ဒီမှာ အရင်တုန်းကလို ရိုးရိုး အေးအေး မနေဘဲ။ မရိုးမဆန်းလေး ဝတ်ဆင်ပြီး သွက်သွက်လက်လက်နဲ့ အလုပ် လုပ်ကိုင်ခဲ့ ပါတယ်။ အဲ့ဒီမှာ လူတွေရဲ့ အကြောင်းကို ပိုပြီး သိလာခဲ့ပါတယ်။ ကျွန်တော် သန့်ရှင်း ရေး ဘဝကနေ အငြိမ် မနေဘဲ ဟိုစပ်စပ် လိုက်လုပ်ပေး။ ပြောရဲ ဆိုရဲတဲ့ သတ္တိတွေကို ဘုရားရှင် မွေးထုတ် ပေးမှုကြောင့် အထက်လူကြီးများ၏ မျက်နှာသာပေးမှု သဘော ကျ မှုတွေ သူဌေး၏ သဘောကျမှု တွေကြောင့် ကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ တရုတ် စကားများကို လေ့လာ သင်ကြားခွင့် ရခဲ့ပါတယ်။ အဲ့ဒါနဲ့ဘဲ သန့်ရှင်းရေး တာဝန်ကို မလုပ် တော့ဘဲ စီမံ ခန့်ခွဲရေး ရုံးပိုင်းကို အလုပ်ပြောင်းခဲ့ပါတယ်။ ဘုရား၏ ကျေးဇူး တော်ကြောင့် လူတကာ၏ ချစ်ခင်မှု ဆရာသမားများ၏ ချစ်ခင်မှုကို ရရှိခဲ့ပါတယ်။

ဒါနဲ့ဘဲ တစ်နေ့မှာ အိမ်ကနေ အလုပ်လာချိန်မှာ လာတဲ့ အချိန် မွန်းတည့် ၁၂ နာရီ၊ ၅.၁၂.၂၀၀၄ မှာပေါ့။ ကားတစ်စီးနဲ့ ပွတ်တိုက်မိပြီး လဲကျ မေ့မြောသွားခဲ့ပါ တယ်။ သတိရချိန်မှာ ကျွန်တော် တစ်ခါမျှ မမြင်ဖူး မတွေ့ဖူးတဲ့ ယောကျ်ား တစ်ယောက်ရဲ့ကားထဲမှာ ကျွန်တော် ရောက်နေခဲ့ပါတယ်။ ကျွန်တော့်ကို တိုက်မိတဲ့ ကားပါ။ သူက မေ့မြောသွားတဲ့ ကျွန်တော့်ကို သူ့ကားပေါ် တင်လာတာ ဖြစ်ပါတယ်။ ဒါနဲ့ ဒီလူ၏ ကား လမ်းခုလတ်မှာတင် ကျွန်တော် သတိပြန် ရခဲ့ပါတယ်။ ကျွန်တော် အရမ်းဘဲ ကြောက်မိတယ်။ ဘုရားကို တမ်းတကာ ဆုတောင်းမိပြီး ငြိမ်သက်မှု ပြန်ရခဲ့ပါတယ်။ ဘုရားရှင် သမီးအား ဒီအန္တရာယ် စက်ကွင်းထဲမှ လွတ်မြောက်ဖို့ သူ့ကို သမီး တောင်းပန်တဲ့အခါမှာ ဘာမှ မလုပ်မိစေဖို့ သူ့ နှလုံးသားကို တို့ထိပေးပါလို့ ဆုတောင်းခဲ့တယ်။ အဲဒီအချိန်မှာဘဲ ကားသမားဟာ သူရဲ့ လိုအင်ကို ဖြည့်ပေးပါ လို့ပြောပြီး အတင်း အနိုင်ကျင့်ဖို ကြိုးစားပါတယ်။ ကျွန်တော်လည်း အသကုန် ရုန်းထွက်ပြီး



သခင့်စကား ဝိညာဉ်ရေးရာ ဓာနဆောင်၊ အမှတ်စဉ် ၁၇၄ ဖေဖော်ဝါရီလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂျပန်မှ ထုတ်ဝေသည်။

ကားပေါ်မှ ဆင်းပြေးခဲ့ပါတယ်။ လူခြေ ကလည်း ပြတ်။ ဘယ် နေရာ ရောက်လို့ ရောက်မှန်း မသိဘူး။ ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် ကားတစ်စီး တက်လာတာကို မြင်မိ တော့ ဒီလူလည်း သူ့ကားကို မောင်းထွက် သွားပါတယ်။ ကျွန်တော်လည်း ပူထူနေတဲ့ အရာတွေကြောင့် ကားနံပါတ်တွေကို မမှတ်မိ ခဲ့ပါဘူး။ ဒါနဲ့ တက်လာတဲ့ နောက်ထပ် ကားသမားကို အကူအညီ တောင်းပြီး အကျိုး အကြောင်း ပြောပြပါတယ်။ အဲဒီ နောက်လူ ကလည်း သမီးကို အိမ်ပြန် ပို့ပေးမယ်။ ရဲစခန်းမှာ တိုင်ချက် သွားဖွင့်ဖို့ အခုတော့ စိတ်ငြိမ်ငြိမ် ထားလိုက်ဦး ဆိုပြီး အအေး ဝယ်တိုက်ပါတယ်။ ဒါနဲ့ သူ့ကားနှင့် အိမ်ပြန်ပို့မယ်ဆိုပြီး ပြန်တက်လာတော့ ကျား ကြောက်လို့ ရှင်ကြီး ကိုး။ ရှင်ကြီး ကျားထက်ဆိုးနှင့် ထပ်တွေ့မိတယ်။ ကျွန်တော် လည်း ဘဝမှာ တစ်ခါ ဖျက်လို့ မရတဲ့ အမည်းစက် ထင်ခဲ့တယ်။ ဒီလို ဘဝ ထပ်ပျက် ရမည့် အခြေ အနေမျိုး တော့ အဖြစ် မခံနိုင်တော့ဘူးလို့ ဆိုပြီး ဘုရားထံမှာ ဆုတောင်း ပြီး ဒီလူကို ထပ်ပြော လိုက် ပါတယ်။ ကျွန်တော်ရဲ့ ဘဝက ဦး လုပ်ရင်လည်း ခံရ တော့မယ်။ ကျွန်တော် တစ်ခု မေးချင် တာက ဦးမှာ သမီး မိန်းကလေး ရှိခဲ့မယ်ဆိုရင် ကျွန်တော့်လို အဖြစ်မျိုး ဦး သမီး ကြုံတွေ့မယ်ဆိုရင် ဦး ရင်ထဲမှာ ဘယ်လို ခံစားရမလဲ ဆိုပြီး မိဘ တစ်ယောက် အနေနဲ့ ခံစားကြည့်ပါလို့ ပြောလိုက်ပါတယ်။ ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် ဒီလူ၏ နှလုံးသားကို တို့ထိပြီး ကျွန်တော့်ကို သူက ပြန် တောင်းပန်ပြီး ကျွန်တော့် အိမ်ကို ချောမောစွာ ပြန်ပို့ခဲ့ပါတယ်။ နောက်ပိုင်းမှာ ကျွန်တော့် အမေက ကျန်းမာရေး မကောင်း တဲ့ ကြားကနေ ကျွန်တော့်ကို အကြိုအပို့ လုပ်ပေးခဲ့ ပါတယ်။ ဒါနဲ့ဘဲ အလုပ် ကို အေးဆေး ငြိမ်သက်စွာဖြင့် ဖြစ်ပျက်ခဲ့တာတွေကို မေ့ပျောက်ပြီး သွက် သွက် လက်လက် အလုပ်ကို ပြန်လုပ်ခဲ့ပါတယ်။ ကျွန်တော့်၏ ဖြစ်ကြောင်း ကုန်စင် ကိုလည်း အလုပ်ရှင်ကို ပြောပြ ခဲ့ပါတယ်။ ဒါနဲ့ အလုပ်ရှင်က ကျွန် တော့် ကို အလုပ်နှင့် နီးတဲ့ အဆောင်မှာ နေရာ ချပေးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ပျော်ရွှင် စွာနှင့် အလုပ်ကို လုပ်ကိုင်မှုကြောင့် သူဌေးက မျက်နှာသာ ပိုပေးခဲ့မှုကြောင့် လုပ်ငန်းခွင် မှာ မနာလိုမှုနှင့် ရင်ဆိုင်လာရပါတယ်။ သူဌေးနှင့် ဟိုလိုလို ဒီလိုလို စွပ်စွဲလာကြပါတယ်။ ကျွန်တော် ကတော့ ကိုယ်တွေ ဘက်က ရိုးသားရင် ဘယ်တော့မှ ခေါင်း မရှေ့ဘူး ဆိုပြီး ဆုံးဖြတ်ထား ပါတယ်။ အမှန် အတိုင်း ကျွန်တော် ဝန်ခံရင် ကျွန်တော် သူဌေးကို ဦးလေး တစ်ယောက်လို ဖခင် တစ်ယောက်လို ကျွန်တော် သူ နေမကောင်းတဲ့ အချိန် မှာ သမီး တစ်ယောက်လို ပြုစုခဲ့ပါ တယ်။ သူဌေးကလည်း ကျွန်တော့်ကို သမီးလေး တစ်ယောက်လို သဘော ထား ကြောင်း ပြောပါတယ်။ ကျွန်တော် ကလည်း ဘာအလုပ် မဆို မညည်းမညူနှင့် လုပ်ခဲ့ တာတွေကြောင့် စီးပွါးရေးအကြောင်း လူနေမှု စရိုက် ဘယ်လို အထက် လူကြီးတွေ နှင့် ပေါင်းသင်း ဆက်ဆံ ရမည်ဆိုတာကို ကျွန်တော် သိရှိလာခဲ့ပါတယ်။ ဒီ့ကြောင့်ကျွန်တော့်ကို စကားပြန်နှင့် တန်းတူ။ အတွင်း ရေးမှူး ကဲ့သို့ နေရာမှာ ထားပြီး သူတို့ အထက် လူကြီးတွေ မရှိရင်၊ လုပ်ငန်းခွင် ကိစ္စ မှန်သမျှ ကျွန်တော်နှင့် စကားပြန် နှစ်ယောက် တာဝန် အဖြစ် မျက်နှာလွှဲ ခံရတဲ့ အဆင့်ထိ ရောက်ခဲ့ ပါတယ်။ ဒီလို အခြေအနေ တွေကြောင့် ပိုပြီး မနာလို မုန်းတီး မှုတွေကို လုပ်ငန်းခွင် အတွင်းမှာ ပို၍ ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်တော် လည်း သည်းခံခြင်း တရား မွေးပြီး ပျော် ပျော်ကြီး အလုပ် လုပ်ခဲ့ ပေမဲ့ အလုပ် ကနေ ထွက်ချင်လာတဲ့ အကြောင်းနဲ့ ယောကျာ်း တွေကို ပို၍ မုန်းတီး လာခဲ့ ပါတယ်။ အဲ့ဒါကတော့ ၁၄.၂.၂၀၀၆ ကျွန်တော် ဖခင် တစ်ယောက်လို သဘောထားပြီး ကျွန်တော့် ကို သမီးလေး တစ်ယောက်လို သဘော ထားတဲ့ သူဌေးက ကျွန်တော့်ကို အခြား ဝန်ထမ်းတွေ မရှိခိုက် စော်ကားဖို့ ကြုံလာ ပါတယ်။ ကျွန်တော် လည်း ဘာပြန်လုပ်လိုက်လဲ မသိဘူး။ ဆရာ၏ ကျယ် လောင်တဲ့ အော် သံကို ကြားပြီး ထွက်ပြေးခဲ့ပါတယ်။ နောက်နေ့ အလုပ် ကို ပြန်လာပြီး အထက် လူကြီးတွေကို အလုပ် ထွက်လိုတဲ့အကြောင်း ပြောလိုက် ပါတယ်။ လူကြီး တွေက ဘာကြောင့် ထွက်ချင်ရတဲ့ အ ကြောင်း ကို တင်ပြလို့ ပြောပါတယ်။ ကျွန်တော် ဘာမှ မပြောဘဲ အလုပ် ထွက်ချင်တဲ့ အကြောင်းဘဲ ကျွန်တော် ထပ်ခါ ထပ်ခါ ပြောခဲ့ ပါတယ်။ သူဌေး ကိုလည်း စကားမပြောပဲ နာကျည်းတဲ့ မျက်နှာနှင့်ဘဲ ကျွန်တော် ကြည့်ခဲ့ ပါတယ်။ သူဌေးလည်း သူ့အမှားကို သိတဲ့ အတွက်ကြောင့် ဘာမှ မမေးပဲ နေခဲ့ ပါတယ်။ မန်နေဂျာ အုပ်ချုပ်သူ တွေကိုတော့ သူ့ ခွင့်ပြုချက် မရဘဲ အလုပ် မထွက်စေဖို့ မှာကြား ထားပါတယ်။ ကျွန်တော်လည်း အလုပ် လုပ်ပေမဲ့ အရင်လို တက်ကြွမှု မရှိဘဲ စိတ်လေးစွာ ဆက်လုပ် ခဲ့ပါတယ်။ ဘုရားရှင်ထံမှာ ဆုတောင်းခဲ့ပါတယ်။ ဘုရားရှင် ကျေးဇူး တော် ကြောင့် သူဌေး က သူ့ နိုင်ငံကို ပြန်သွားတာ သုံးလလောက် ကြာမယ်လို့ အကြောင်း ကြားရ တော့ ကျွန်တော် ဝမ်းသာသွား မိပါတယ်။ ကျွန်တော့် စိတ်ထဲ မှာတော့ သူ မရှိတုန်း အလုပ် မဆင်းတာ ရက်ကြာရင် အလိုလို အလုပ် ဖြုတ်ခံ ရမယ်ဆိုတာ တွေးရင်း ကိုယ့်အတွေးနှင့် ကိုယ် ဝမ်းသာခဲ့ မိပါတယ်။ သူကလည်း ကျွန်တော့်ကို အိမ်မှာ နားနားနေနေ ပြန်နေလို့ ပြောတဲ့ အကြောင်း အလုပ် မထွက် ရဘူး လို့မှာတဲ့ အကြောင်း မှာကြားထားပါတယ်။ ကျွန်တော် လည်း နင် ပြန်လာမှ အလုပ် ပြန်ဆင်း မယ် ဆိုတဲ့အကြောင်း ပြောပါတယ်။ ဒါနှင့်သူ ခွင့်ပြုခဲ့ပါတယ်။ အဲ့ဒီမှာတင် ကျွန်တော် အလုပ် မသွားတော့ဘဲ စင်ကာပူ နိုင်ငံမှာ လာရောက် လုပ်ကိုင်ဖို့ရန်အတွက် ဆုံး ဖြတ်ပြီး ဘုရားရှင် အခက်အခဲ မရှိဘဲ လမ်းဖွင့်ပေးဖို့အတွက် ဆုတောင်းခဲ့ပါသည်။ ကျွန်တော် ၏ စိတ်ထဲမှာ ယောကျာ်း တွေကို ကြောက်တဲ့စိတ် နာကျည်းတဲ့စိတ်က ပိုမို ပြင်းထန် လာခဲ့ပြန် ပါတယ်။ ဘုရားရှင်က ဘာပြောလဲလို့ဆိုရင် ကိုယ်၏ ရန်သူကို မေတ္တာပြ ကောင်းချီး ပေးလော့။ ကိုယ့်၏ ရန်သူကြောင့် ကောင်းစားမယ်လို့ သိခဲ့ ရပါတယ်။ ဒါကြောင့်လည်း ကျွန်တော့် စိတ်ထဲမှာ တစ်စုံတစ်ဦးကြောင့် တစ်ခြား ကျန် သူများကို မမုန်းသင့်၊ ချည်နှောင်မှု မထား သင့်ကြောင်း နှလုံးသားထဲမှာ မှတ်သား နာယူပြီး ဘဝ မှာ အသစ် တစ်ဖန် ပြန် လျှောက်လှမ်းမိပါတယ်။ ဒါပေမဲ့လည်း ယခု စင်္ကာပူ ရောက်တဲ့ အထိ ယောကျာ်း မြင်ရင် ကြောက်လို့ ဒူးက ယခုထက်ထိ တုန် နေတုန်းဘဲ။ ပညာရေး ကတော့ ဘွဲ့ မရခဲ့ပါဘူး။ ဒါပေမဲ့လည်း ၁၀ တန်းဆိုတဲ့ တံတိုင်း ကြီးကို ဖြတ်ကျော် ခဲ့ပေမဲ့ အမည်း စက်တွေကြောင့် ပညာရေး ရပ်တန့်ပြီး အပြင် လုပ်ငန်းကို ရောက်ရှိ လာခဲ့ပါတယ်။ ဒါပေမဲ့လည်း အရာခပ်သိမ်းကို မေ့ပျောက်ပြီး စိတ်ဓာတ် မကျဘဲ ဘုရားကို အားကိုးပြီး အခြား ဗဟုသုတတွေရမည့် ပညာ ရပ်တွေကိုတော့ အလုပ် လုပ်ရင်း သင်ယူ နေပါ တယ်။ ကျွန်တော် ပြောချင်တာက ကျန်တဲ့သူတွေကို ကျွန်တော့် ကဲ့သို့ အဖြစ်မျိုး မဖြစ် စေရန်အတွက် ကျွန်တော် ခွန်အား ပေးချင်တာက လောကမှာ မရိုးလွန်း၊ မအ လွန်း၊ လူတိုင်းကို မယုံမိဖို့၊ အသွက်လည်း မလွန်မိဖို့ မှာချင်ပါတယ်။ ဘာကြောင့်လဲ ဆိုရင် ရိုးလွန်းရင်လည်း အန္တရာယ် ရှိတယ်။ သွက်လွန်းရင်လည်း အန္တရာယ် ရှိတယ် ဆိုတာကို သက်သေခံ ဝေမျှလိုက်ပါတယ်။ ဒီအရာတွေက ကျွန် တော့် အဖေ ကွယ်လွန်ပြီးတဲ့ နောက်ပိုင်းမှာ ရင်ဆိုင်ရတဲ့ ပြဿနာတွေပါ။ ကျွန်တော့် ဘဝကို အမည်းစက် ထင်အောင် လုပ်ခဲ့တဲ့ သူက သူ့မှာ မိန်းမ ရှိကြောင်း ကို ကျွန်တော်၏ မိသားစုက ယခုထက်ထိ မသိသေး ပါဘူး။ ကျွန်တော်၏ သက်သေ ခံချက်က သူတစ်ပါး အတွက် သင်ခန်းစာ ဖြစ်မည် ဆိုလျှင် ဒီမှာရှိတဲ့ ခရစ်ယာန် ညီ အစ်ကို မောင် နှမများ သိဖို့ သခင့်စကားစာစောင်မှာ ဖော်ပြဖို့ ကျွန်မ တောင်းပန် ပါတယ်။ အထူး သတိ ပေးချင်တာကတော့ မတူညီတဲ့ ထမ်းဘိုးကို မထမ်းမိ ဖို့အတွက် သတိ ပေး လိုက်ပါရစေ။ ဖိလိပ္ပိ ၄း ၁၃ - ငါ့ကို ခွန်အားနှင့် ပြည့်စုံစေတော်မူသော ခရစ်တော် အားဖြင့် ခပ်သိမ်း သော အမှုတို့ကို ငါတတ်စွမ်းနိုင်၏။ ။

ဩဘဩဘ (ရန်ကုန်မြောက်ပိုင်း)






မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက Facebook account ; **lord's word** တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေငှချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ ***friend request*** လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။